## ၃။ သီးလုံးဖောက်ပိုး

**Cotton Bollworm: *Helicoverpa armigera* (Hübner, 1808**

**Lepidoptera: Noctuidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





လောက်ကောင်သည် အစိမ်းရောင်သန်းသည့် အရောင်မှ အညိုရောင်အထိရှိသည်။ ခန္ဓာကိုယ်ပေါ်တွင် မီးခိုးညိုရောင် ဘေးတိုက်အဖြူရောင် အရေးအကြောင်းများပါရှိပြီး အနက်ရောင်နှင့် ပန်းရောင် အရစ်များလည်းရှိသည်။ ရုပ်ဖုံးသည် အညိုရောင်ရှိပြီး မြေကြီး၊ သစ်ရွက်၊ ပဲသီးနှင့် သီးနှံအကြွင်းအကျန်များတွင် တွေ့ရသည်။ အကောင်ကြီးသည် ခရမ်းနုရောင်ရှိပြီး ကြံ့ခိုင်သည့် ဖလံဖြစ်သည်။ ရှေ့တောင်ပံများသည် သံလွင်စိမ်းရောင်ရှိကြကာ ဗဟိုတွင် ညိုရင့်ရောင် စက်ဝိုင်းပုံ အစက်ပါရှိသည်။ နောက်တောင်ပံ များသည် မီးခိုးဖြူနုရောင်ရှိကြကာ အနားသား အပြင်ဖက်တွင် ကျယ်ပြန့်သည့် အနက်ရောင်ရှိ သည်။

**ဖျက်ဆီးပုံလက္ခဏာများ**





လောက်ကောင်များသည် အရွက်များကို စားသောက်ကြပြီး ပန်းပွင့်များနှင့် ပန်းဖူးများကို ပိုမို နှစ်သက်ကြသည်။ နူးညံ့သောရွက်ဖူးများကို စားသောအခါ ထပ်တူညီသော အပေါက်များ သို့မဟုတ် ဖြတ်ရာများကို မလိပ်သေးရသော ရွက်မွှာများတွင် မြင်တွေ့နိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၂-၄ )** ရက် |
| လောက်ကောင် အဆင့် | **– ( ၁၈–၂၅ )** ရက် |
| ရုပ်ဖုံး အဆင့် | **– (၆)** ရက် |
| အကောင်ကြီး အဆင့် | **– (၅–၂၄)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) နွေထယ်ရေးခံပါ။

(၂) အတန်း (၅–၆) တန်းတိုင်း ပဲစဉ်းငုံနှင့်သီးညှပ်စိုက်ပါ။

(၃)ဖျက်ပိုးကျရောက်မှု့ သိရှိရန်နှင့် ဖလံဖမ်း ရန် တစ်ဧကလျှင် အလင်း ရောင်ထောင် ချောက် (၁) ခုထောင်ပါ။

(၄) ဖျက်ပိုးကျရောက်မှု့ကို သိရှိရန်နှင့် ဖလံထီးများကို ထောင်ချောက်ဆင်ရန် တစ်ဧကလျှင် ဖီရိုမုန်း ထောင်ချောက် (၂)ခုထောင်ပါ။

(၅)အပင်စိုက်ပြီး (၄၀–၅၀)ရက်သားတွင်ထရိုင်ဂိုဂရားမားနဂျီ (*Trichogramma*) လွှတ်ပေးပါ။

(၆) ပင့်ကူများ၊ နှာတံရှည်နံ့ကောင်များ၊ ပုရွက်ဆိတ်များ၊ ပုဇင်းများ၊ လိပ်ခုံးကျိုင်းများ၊ ဇာတောင်ပိုး များကဲ့သို့သော ဇီဝထိန်းချုပ်ပိုးမွှားများကို ထိန်းသိမ်းပါ။

(၇)လိုအပ်ပါက ထိသေစားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်း အတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့်

မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ဆိုင်ပါမီသရင် (Cypermethrin)
- လန်မ်ဒါဆိုင်ဟောလိုသရင် (Lambda-Cyhalothrin)
- ဖလူဗန်ဒိုင်ရာမိုက် (Flubendiamide)